ကုလုံ၏ ဟုဝမ်းတောင်း
2006
တက္ကသိုလ်
နေလင်းအောင်
အန္တရာယ်ကြား
တိမ်ဖြူနဂါး
စာစဉ် (၁)
၄ အုပ်တွဲသိုင်းစာစဉ်
ThiHa Zaw
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

မန္တလေးခေတ်

ဒဂုန်ရွှေဥဒေါင်း

အန္တရာယ်ကြားတိမ်ဖြူနုဂါး

စာစဉ်(၁)



စာဏ္ဍသိုဏ်

နေလင်းဒေါင်

အန္ဓရာယ်ကြားတိမ်ဖြူနဂါး

(စာစဉ်–၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၂၀၆၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၂၀၂၂၂၀၆၁၁

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (ခ)
မင်္ဂလာခုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အခန်း(၁)

ရန်ရွယ်ဟန်ရွယ်

မဟူရာပုလဲကို လူတိုင်း မြတ်နိုးမက်မောကြပါသည်။

ပုလဲနက်ဆိုသည်မှာ ပုလဲဖြူထက် ရှားပါး၍ဖြစ်ပါသည်။

သို့သော် ပုလဲနက်ထက် လူအများ ဝို၍မက်မောကြသော အရာသည် ဤသိုင်းလောကဌ်ဌ်ရှိနေပါသည်။

မဟူရာစား ....။

မဟူရာစားဆိုသည်မှာ ထိုပုလဲနက်ခုနစ်လုံး တပ်ဆင်ထား သော စားဖြစ်ပါသည်။ ပုလဲခုနစ်လုံးကလည်း မက်မောစရာကောင်း သည်။ စားကလည်း မက်မောစရာကောင်းသည်။

မက်မောစရာနှစ်ခု ပေါင်းဆုံသွားသောအခါ အတိုင်းမသိ ဖြစ်သွားရတော့သည်။

ထိုမဟူရာစားသည် လွန်ခဲ့သည့်နှစ်ပေါင်း သုံးရာခန့်က ပေါ်ပေါက်ခဲ့သည့် စားဖြစ်၏။

စစ်သူကြီးယုခန်းဝါ ဝိုင်ဆိုင်ကိုင်ဆောင်ခဲ့သော စားဖြစ်ပေ သည်။ အကောင်းဆုံးသံမဏိဖြင့် အကောင်းဆုံး ပန်းပဲဆရာက ပြု

လုပ်ခဲ့သော ဓားဖြစ်ပေသည်။

မဟူရာဓားသည် အလွန်ပင် ထက်မြက်လေရာ သူနှင့်ရင်ဆိုင်တွေ့ကြုံရသော ဓားမှန်သမျှကို ကျိုးပဲ့ပျက်စီးခဲ့လေသည်၊ ကျောက်တုံးကိုပင် ပြတ်အောင် ခုတ်နိုင်သည်ဟု အဆိုရှိကြ၏။

ထို့ကြောင့် ဓားတကာတို့တွင် မဟူရာဓားကို လူတိုင်းလိုချင်မက်မောနေကြခြင်းပင် ဖြစ်ပါသည်။

မဟူရာဓား၏ကောင်းခြင်းနှစ်ဖြာကို ရေးသားခဲ့ပြီးချေပြီ၊ သိုင်းလောကရှိ လူတို့အား ပို၍ ဆွဲဆောင်နိုင်သည်မှာ ဆို ခဲ့ပြီးသော အကြောင်းနှစ်ချက်ကြောင့် မဟုတ်ချေ။

မဟူရာဓား၏လက်ကိုင်ရိုးအတွင်း လျှို့ဝှက်စွာ ထည့်သွင်းထားသော ဓားသိုင်းမှတ်တမ်းကြောင့် ဖြစ်ပါသည်။

သို့သော် ယခုဇာတ်လမ်းသည် မဟူရာဓားနှင့် ဓားသိုင်းအကြောင်း မဟုတ်ပါချေ။ ထိုကျော်ကြားလှသော အရာထက် ပို၍ ကျော်ကြားသော မိုးကြိုးသွားအကြောင်းပင် ဖြစ်ပါတော့သည်။

မိုးကြိုးသွား ....။

မိုးကြိုးသွားဟူသည်မှာ သာမန်လက်နက် မဟုတ်ပါ၊ လက်နက်ဆန်း လက်နက်ပုန်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က မိုးကြိ[illegible]ဓားခုံးဟူတို့ ထွင်ခဲ့သော လက်နက်ဖြစ်ပါသည်။

ဤသိုင်းလောကဌ်ကျော်ကြားလှသော လက်နက်ပုန်းအမျိုးအစား ခြောက်ဆယ်ရှစ်မျိုးရှိ၏။ မိုးကြိုးသွားသည် နံပါတ်တစ် နေရာရရှိထားသော လက်နက်ပုန်းဖြစ်ပါသည်။

မိုးကြိုးသိုင်းသမားသည် ထိုမိုးကြိုးသွားလက်နက်ပုန်းကို အသုံးပြုခြင်းမှာ နှစ်ကြိမ်ခန့်သာ ရှိသည်။ ထိုနှစ်ကြိမ်ခန့်နှင့်ပင် မိုးကြိုးသိုင်းသမားခုံးဟူ ဟူ၍ ကျော်ကြားထင်ရှားလာခဲ့ခြင်းဖြစ်သည်။

မိုးကြိုးသွားလက်နက်ပုန်းကလည်း အစွမ်းထက်သည်။ ယနေ့တိုင် မိုးကြိုးသွားလက်နက်ပုန်းကို ရှောင်တိမ်းနိုင်သည်ဟူ၍ မရှိခဲ့ချေ။

သို့သော် မိုးကြိုးသိုင်းသမား ခုံးဟူသည် ဆူဆူပူပူနေချင်သော သိုင်းသမားမဟုတ်ပါ။ အေးအေးဆေးဆေး နေချင်သော အထက်လမ်းဂိုဏ်းသားတစ်ဦးသာ ဖြစ်ပါသည်။

ထို့ကြောင့် ထင်ရှူးကျေးရွာကိုတည်ထောင်ပြီး အေးချမ်းစွာ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

သူ၏ထင်ရှူးကျေးရွာသည် သိုင်းသမားများ လေးစားကြသောကျေးရွာ ဖြစ်ပါသည်။ ထင်ရှူးကျေးရွာအား လေးစားကြခြင်းမှာ ခုံးဟူကြောင့် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် မိုးကြိုးသွားလက်နက်ကို အသုံးချတတ်သော ခုံးဟူကြောင့် ဖြစ်ပါသည်။

ခုံးဟူတွင် သားတစ်ယောက်ရှိ၏။ ခုံးဟူ သေဆုံးသွားပြီးနောက် သူ၏သား ခုံးမင်လည်း ပျောက်ဆုံးသွားခဲ့ရသည်။

ထိုအခါမှစ၍ ထင်ရှူးကျေးရွာသည်လည်း ပိုင်စိုးသူ အရှင်သခင်မဲ့ကာ တဖြည်းဖြည်း ယိုယွင်းပျက်စီးသွားတော့သည်။

ယခုအခါတွင် ထင်ရှူးကျေးရွာသည် သိုင်းလောကတွင် ပုံပြင်တစ်ပုဒ်သဖွယ်သာ ဖြစ်နေတော့သည်။ မိုးကြိုးသိုင်းသမား